မြန်မာခရစ်ယာန်မိသဿဟာယအသင်းတော်

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F.___Volume 5/ Issue9/ September / 2012*




သင်္ဘောတစ်စင်းသည် နယူးယောက်ဆိပ်ကမ်းမှ အတ္တလန်တိတ်သမုဒ္ဒရာအတိုင်း ခရီးလိုက်ပါ စီးနင်းမောင်းနှင်လာရာ ပနားမားတူးမြောင်းအနီးတွင် သင်္ဘောပျက်စီးသွားပါသည်။ အခြားသင်္ဘောသည် ဒုက္ခရောက်နေသော ထိုသင်္ဘောကို တွေ့သောအခါ အကူအညီပေးရန် ချဉ်းကပ်သားပြီး မေးမြန်း ရာတွင်၊ "ကျွန်ုပ်တို့သင်္ဘောက ပြန်လည်ကောင်းမွန်လာဖို့ အခြေအနေမရှိဘူး၊ မိုးလင်းတဲ့ထိ စောင့်ရလိမ့်မယ်"ဟု ပြန်ဖြေလိုက်သည်။ သင်္ဘောထဲသို့ ရေများဝင်လာသည်ကိုတွေ့ရသဖြင့် "ယခုလှေငယ်လေးပေါ်သို့ သင့်ရဲ့ ခရီးသည်များကို ကျွန်ုပ်တို့ သယ်ယူပို့ဆောင်ကူညီပါရစေ"ဟုပြောလိုက်ရာ၊ "ညအချိန်မိုးချုပ်ပြီဖြစ်သည့် အတွက်ကြောင့် သင်္ဘောဥပဒေအရ အမှောင်ထဲမှာ ခရီးသည်များကို အပြောင်းအလဲ လုပ်ခွင့် မပေးဘူး" ဟု ကပ္ပိတိန် ပြန်ပြောလိုက်သည်။ အခြားကပ္ပတိန်ကလည်း "မိုးလင်းသည့်ထိ တိုင်အောင် မစောင့်သင့် ဘူး။ ယခုချက်ချင်း လေးလေးနက်နက် လုပ်ဆောင်သင့်ပါတယ်"။ ဒါပေမယ့် သူက ထိုသတင်းစကားကို ငြင်းပယ်ခဲ့သည်။ တစ်ညလုံး သူတို့တွေ စုဝေးပြီး အလင်းကို စောင့်မျှော်နေကြသော်လည်း နောက်ဆုံးမှာ သင်္ဘောကြီး နစ်မြုပ်ကာ လှိုင်းတံပိုးတွေကြားမှာ ကွယ်ပျောက်သွားခဲ့သည်။

သူတို့သည် အလင်းကို မျှော်လင့်ပြီးစောင့် နေရာ၊ အချိန်နာရီတွေသာ ကုန်လွန်သွားပါသည်။ အဆုံးမှာ သင်္ဘောနစ်မြုပ်ပြီး လူများအားလုံး သေဆုံး ခဲ့ရသည်။ ဤသို့စောင့်၍သာ မျှော်နေမည်ဆိုလျှင် နောက်ဆုံးမှာ သေခြင်းတရားကို ရရှိလိမ့်မည်။

အလယ်အမေရိကသို့ ဦးတည်လာသော သင်္ဘောကပ္ပိတိန်သည် မိုးလင်းသည့်ထိ မစောင့်ဘဲ၊ ချက်ချင်းလုပ်ဆောင်ခဲ့လျှင် ကြေကွဲဖွယ်ရာ လောကီအသက်ဆုံးရှုံခြင်းမှ အမှန် လွတ်မြောက်နိုင်ပါသည်။

သို့ရာတွင် ဤသို့နှောက်နှေးမှုများဖြစ်ရန် ဥပဒေစည်းမျဉ်းများ၊ တားဆီးမှုများ၊ မြောက်များစွာ ရှိပါသည်။ တခါတရံတွင် ထိုအရာများကြောင့် ကိုယ်ပိုင်ဆုံးဖြတ်ချရန် မဝံ့မရဲ ဖြစ်တတ်သည်။

ဤသည်ကား ... ကပ္ပိတိန်၏မဟာအမှားလား?။ တင်းကျပ်သောဥပဒေကြောင့်လား?။

ယောဟန်၊ ၈း၁၂ ၌ သခင်ယေရှုက၊ "ငါသည် ဤလောက၏အလင်းဖြစ်၏။ ငါ့နောက် သို့ လိုက်သောသူသည် မှောင်မိုက်၌ မသွားမလာ။ အသက်၏အလင်းကို ရလိမ့်မည်" ဟုမိန့် တော်မူ၏။

သို့ဖြစ်၍ စစ်မှန်သော 'အသက်၏အလင်း' ကို လူတိုင်း သိရှိနိုင်ပါစေ။

မှောင်မိုက်ထဲမှာ သွားလာသော လူများတို့သည် ကြီးစွာသော အလင်းကို မြင်ရ၍၊
သေမင်း၏နိုင်ငံအရိပ်တွင် ရှိနေသော သူတို့၌ အလင်း ပေါ်ထွန်းလျက်ရှိ၏။ ဟေရှာယ၊ ၉း၂

သေခြင်းတရားဆိုသည့် အသက်ဆုံးရှုံးခြင်းကို ကျွန်ုပ်တို့အားလုံး ကြောက်ရွံ့ကြသည်။ ကျွန်ုပ် တို့၏ဘဝတွင် ဆုံးရှုံးခြင်းများနှင့် မကြုံရအောင် ပြင်ဆင်ရှောင်ရှားနိုင်သော်လည်း သေခြင်း တရားကို မည်သူမျှ လှည့်စားအနိုင်ယူ၍ မရကြောင်း သိရှိကြ၏။ အကြောင်းမှာ "အပြစ်တရား၏ အခကား သေခြင်းပေတည်း"ဟုကျမ်းစာကဆိုထားသည်။ သို့သော် ဆက်လက်၍ "ဘုရားသခင် ပေးတော်မူသောဆုကျေးဇူးတော်ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့်ထာဝရအသက်ပေတည်း"။

ထာဝရဘုရားသခင်သည် သနားခြင်းဂရုဏာကြွယ်ဝပြီး၊ မေတ္တာတော်သည်ကြီးမားခြင်း ကြောင့် လူအပေါင်းတို့အား ဝိညာဉ်ဆုံးရှုံးခြင်းမှ ကယ်တင်ရန် ဘုရားသခင်သည် သားတော် ယေရှုကို ဤလောကသို့ စေလွှတ်ခဲ့၏။ သခင်ယေရှု ခရစ်တော်သည် ကျွန်ုပ်တို့၏ အပြစ်များအ တွက် လက်ဝါးကပ်တိုင် ပေါ်တွင် အသေခံတော်မူ၏။ သင်္ချိုင်းတွင်သင်္ဂြိုဟ်ပြီးမှ ကျမ်းစာလာသည် အတိုင်း သုံးရက်မြောက်သောနေ့၌ရှင်ပြန် ထမြောက်တော်မူ၏။ လူအပေါင်းတို့သည် သခင်ယေရှု ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်ရ ကြ၏။ ဤသည်ကား ထာဝရအသက်ရှင်ခြင်း ဖြစ်သည်။

သခင်ယေရှုက "ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်း အကြောင်းဖြစ်၏။ ငါ့ကို ယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သောသူ ရှိသမျှ တို့သည်လည်း သေခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်"။

"ငါ့စကားကို ယုံသလော" ဟုမေးတော်မူလျှင်၊ ကျွန်ုပ်တို့သည် ဟုတ်ပါ၏သခင်...၊ မှန်ပါ၏ သခင် ...၊ ယုံပါသည်သခင် ... ဟူ၍ မဆိုင်းမတွဘဲ လျှောက်နိုင်ပါမည်လား။

သခင်ယေရှု ကမ်းလှမ်းနေသည့် ကယ်တင်ခြင်းကို လက်ခံပါ။
ကယ်တင်ခြင်းသည် ကျေးဇူးပြုခြင်း ဖြစ်သည်။ အဘိုးအခပေးရန် မလို။
ကယ်တင်ခြင်းကျေးဇူးသည် ယုံကြည်ခြင်းအားဖြင့်သာ တည်ပါ၏။

သင်၏ဝိညာဉ် ကယ်တင်ခြင်းရရန် သင်ကိုယ်တိုင် ရဲရင့်စွာ ဆုံးဖြတ်ရမည့် အချိန်ရောက်နေပါပြီ။

သမ္မာကျမ်းစာ၌ ဤသို့ ပြောထားပါသည် "ဗျာဒိတ်တော်အချက်ဟူမူကား၊ နှစ်သက်ဘွယ်သောအချိန်၌ သင်၏စကားကို ငါနားထောင်ပြီ။ ကယ်တင်ရာနေ့ရက်ကာလ၌ သင့်ကို ငါမစပြီဟု လာသည်နှင့် အညီ ယခုပင် နှစ်သက်ဘွယ်သောအချိန်ရှိ၏။ ယခုပင် ကယ်တင်ရာနေ့ရက်ကာလ ရှိ၏"(၂ကော၊၆း၂) ။

ယခုတွင် သင့်အား ကယ်တင်ခြင်းကမ်းလှမ်းနေသည့်အတွက် "မစောင့်နှင့်။ မနှောင့်နှေးပါနှင့်။ တွန့်ဆုတ်မနေပါနှင့်။" လေးနက်စွာစဉ်းစား၍ သင့်၏စိတ်နှလုံးကို ဘုရားသခင်ထံမှာအပ်နှံပြီးပြီလား?။ သင့်အသက်တာကိုပြင်ဆင်ပြီးပြီလား?။ ကယ်တင်ရှင်ယေရှုခရစ်တော် တဖန်ကြွလာလျှင် ဖူးတွေ့လိုက်ပါရန်အတွက် အဆင်သင့်ရှိရန်လိုပါသည်။

ကျွန်ုပ်တို့အားလုံးတွက် သေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့ ဝင်စားသောအခါ၊ သေခြင်းသည် အောင်ခြင်း၌ နစ်မြုပ်ပြီဟု ကျမ်းစာ၌လာချက် ပြည့်စုံလိမ့်မည်။ ငါတို့သခင်ယေရှုခရစ်တော် အားဖြင့် ငါတို့အား အောင်ခြင်းအခွင့်ကို ပေးတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်သည် ကြီးလှစွ တကား။

အမှုတော်မြတ်၌၊—
ရီရီအေး

# Good News- သတင်းကောင်း

## Invisible GOD

ဘုရားသခင်ကို ... မြင်တွေ့နိုင်ခြင်းမရှိ။

တွေ့ထိနိုင်ခြင်းလည်းမရှိ။

သို့သော်လည်း ... ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့ သိထားနားလည်ရသည်မှာ ——

- ကိုယ်တော်သည် ကျွန်ုပ်နှင့်အတူ ဘဝခရီးလမ်းကြမ်းကို အစဉ်လျှောက်လှမ်း နေပါသည်။
- ကိုယ်တော်သည် ကျွန်ုပ်အတွက် အစဉ်ဆုတောင်း ပေးနေပါသည်။
- ကိုယ်တော်သည် ကျွန်ုပ်ကို အသံတိုးတိုးဖြင့် စကားပြော နေပါသည်။
- ကိုယ်တော်သည် ကျွန်ုပ်နှလုံးသားကို ဒါဏ်ချက်တော်အားဖြင့် ကုသပေးနေပါသည်။
- ကိုယ်တော်သည် ကျွန်ုပ်ဝန်ထုပ်ကို ဝိုင်းထမ်းပေးနေပါသည်။

နူးညွတ်ညင်သာကြင်နာဖြင့် သိမ်မွေ့စွာ ပြောဆိုလိုက်သော ကိုယ်တော်၏ နှစ်သိမ့်စကားများသည် ဆာလောင်မွတ်သိပ်နေသော ကျွန်ုပ်ဝိညာဉ်ကို ကျေနပ်တင်းတိမ် စေပါသည်။

အရေးအကြီးဆုံးမှာ ... ကိုယ်တော်သည် ကျွန်ုပ်မိုက်ပြစ်များအတွက် ကားတိုင်ပေါ်၌ အသေခံ၍ သုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်ခြင်းဖြင့် သေခြင်းကို အောင်နိုင်ပြီး လက်ခံယုံကြည်သူများအတွက် အံ့သြဖွယ်ကယ်တင်ခြင်းကို ပေးနေပါသည်။

## ဘုရားရှင်ထံမှ

- ဘဝလမ်းကြမ်း ... လျှောက်လှမ်းစဉ်ခါ ... ကိုယ်တော်အတူ ... တွဲလျှောက်လှမ်းမည်။
- လောကမှုန်တိုင်း ... တိုက်ခတ်စဉ်ခါ ... ကိုယ်တော်သာလျှင် ... ငြိမ်သက်စေမည်။
- စိတ်နှလုံးသား ... ကြေကွဲစဉ်ခါ ... ကိုယ်တော်နှစ်သိမ့် ... ကုသပေးမည်။
- လေးလံဝန်ထုပ် ... ထမ်းနေစဉ်ခါ ... ကိုယ်တော်ဝိုင်းဝန်း ... ထမ်းရွက်ပေးမည်။
- စာတန်မာရ်နတ် ... စုံစမ်းစဉ်ခါ ... ကိုယ်တော်အားဖြင့် ... အောင်မြင်လိမ့်မည်။
- ဆုံးရှုံးမှုများ ... ကြုံတွေ့စဉ်ခါ ... ကိုယ်တော်အားကိုး ... ကျော်လွှားလိမ့်မည်။
- ဝိညာဉ်ခွန်အား ... နည်းပါးစဉ်ခါ ... ကိုယ်တော်ထံမှ ... ခွန်အားယူပါ။
- ဝမ်းနည်းကြေကွဲ ... စိတ်ပျက်စဉ်ခါ ... ကိုယ်တော်ရှိကြောင်း ... သတိရပါ။
- အောင်မြင်မှုများ ... ရရှိစဉ်ခါ ... ကိုယ်တော့်ကျေးဇူး ... ချီးမွမ်းကြပါ။

လောကသားတွက် အပြစ်လွတ်ရန် ကားတိုင်ပေါ်၌ အသေခံသော ကိုယ်တော်ထံမှ အံ့သြဖွယ်ရာကယ်တင်ခြင်းကို ယုံကြည်ခြင်းဖြင့် ရယူနိုင်ကြောင်း သတင်းကောင်း ပါးလိုက်ပါသည်။

## ခရစ်တော်မှတပါး

ခရစ်တော်မှတပါး...
မိုးကောင်းကင်ပေါ်၌ကျွန်ုပ်အတွက် မည်သူကဆုတောင်းပေးနေမည်နည်း။
ခရစ်တော်မှတပါး ...
မြေကြီးပေါ်၌ကျွန်ုပ်နှင့်အတူမည်သူကဘဝလမ်းခရီးလျှောက်လှမ်းမည်နည်း။
ခရစ်တော်မှတပါး ...
ဝမ်းနည်းကြေကွဲသောအခါကျွန်ုပ်မျက်ရည်ကိုမည်သူကသုတ်ပေးနိုင်မည်နည်း။
ခရစ်တော်မှတပါး ...
ဝန်လေးသောအခါကျွန်ုပ်ဝန်ထုပ်ကို မည်သူက ဝိုင်းထမ်းပေးနိုင်မည်နည်း။
ခရစ်တော်မှတပါး ...
အားနည်းသောအခါကျွန်ုပ်ကိုမည်သူကခွန်အားပေးနိုင်မည်နည်း။
ခရစ်တော်မှတပါး ...
မျှော်လင့်ခြင်းကင်းမဲ့သောအခါမည်သူကနှစ်သိမ့်အားပေးနိုင်မည်နည်။
ခရစ်တော်မှတပါး ...
လောကအပြစ်သားများအတွက်ကားတိုင်ပေါ်၌မည်သူကအသေခံနိုင်မည်နည်း။
ခရစ်တော်မှတပါး ...
သေဆုံးပြီးသုံးရက်မြောက်နေ့တွင်မည်သူကပြန်လည်ရှင်ပြန်ထမြောက်မည်နည်း။
ခရစ်တော်မှတပါး ...
ယုံကြည်လက်ခံလျှင်အံ့သြဖွယ်ကယ်တင်ခြင်းကို မည်သူကပေးနိုင်မည်နည်း။
ခရစ်တော်မှတပါး ...
မည်သူမှလုပ်ဆောင်မပေးနိုင်ပါ။

ခရစ်တော်သာလျှင် ...
လောကအပြစ်သားများအတွက်ကားတိုင်အပေါ်၌ အသေခံ၍သုံးရက်မြောက်သော နေ့တွင် ပြန်လည် ရှင်ပြန်ထမြောက်ပြီး လက်ခံယုံကြည်သောသူများအတွက် အံ့သြဖွယ်ကယ်တင်ခြင်းကို ပေးတော်မူမည့်အကြောင်း သတင်းကောင်း ပါးလိုက်ပါသည်။

John Ma

++++++++ +++++++++ +++++++++ ++++++++ +++++++++ +++++++++ ++++++++ +++++++++

## နိစ္စထာဝရဘုရား (GOD) နဲ့ လောကဓါတ်သခင်ဘုရားများ (gods)

By Dr. Luke

လောက လူ့သက်တမ်း နှစ် ၆၀၀၀ အတွင်း လူမျိုးတိုင်း၌ ချီးမြှောက် ကိုးကွယ်ခဲ့ ကြတဲ့ ဘုရားပေါင်းသန်းပေါင်းများစွာရှိပြီ။ ဘယ်ဘုရားကို ကိုးကွယ်ရမလဲ?လို့ ရှာရင်း သေဆုံးသွားသူ သန်းပေါင်းများစွာရှိပြီ။ ရှာရင်း စိတ်ရှုပ်ကာ မိရိုးလာရိုးရာကိုးကွယ်မှုထဲ ပြန်လှည့်သွား သူလည်း သန်းပေါင်းများစွာ ရှိပြီ။

ဘုရားစစ်၊ ဘုရားမှန်ကို ရှာတွေ့သူအလွန်ရှားတယ်။ ဘုရားစစ်၊ ဘုရားမှန်ကို ရှာတွေ့သူများရဲ့ သက်သေခံချက်မှရော ဘုရားသခင် ကိုင်တိုင် ခွဲခြားပြနည်းမှရော တင်ပြပါမယ်။ ဘုရားသခင်ကဘုရားနှစ်မျိုး ရှိကြောင်း သမ္မာကျမ်းစာ၌ ရှင်းရှင်းပြတ်ပြတ် ခွဲခြားထားပါတယ်။ ဘုရားသခင် လမ်းညွှန်တဲ့ အတိုင်း သင် ပိုင်းခြားလေ့လာရင် ရက်တိုတိုနဲ့ ကယ်တင်ရှင်ဘုရားကို သင်တွေ့ရမယ်။

### လောကဓါတ်သခင်ဘုရားများ (gods)

လောကဓံ တရားအောက်မှာ တစ်ချိန်တစ်ခေတ်က ပေါ်လာတဲ့ဘုရားကို ဒီလောကရဲ့ သခင်ဘုရားများ (gods) လို့ခေါ်တယ်။ ဖြစ်ခြင်းရှိရင် ပျက်ခြင်းရှိတယ်။ ခေတ်အချိန်အခါ အလိုက် ဖြစ်လာတဲ့ဘုရားဟာ လောကဓံ တရားအောက်မှာပဲ ကွယ်ပျောက်ကုန်တယ်။

လောကသခင်ဘုရားများ (gods) များရဲ့တန်ခိုး၊ အချိန်နဲ့နေရာကိုထာဝရဘုရားက ကန့်သတ်ထားတယ်။ ဒီလောကရဲ့ ဘုရားက ဒီလောကကို ခဏသာ ပိုင်တယ်။သူ့ထံ တောင်းခံရင် ရွှေ၊ ငွေ၊ ဥစ္စာ၊ ဂုဏ်အသရေ၊ ရာထူး၊ အာဏာရနိုင်တယ်။

သူပေးတဲ့ ရွှေ၊ ငွေ၊ ဥစ္စာ၊ ဂုဏ်အသရေ . . . ကိုသင်ယူပြီးရင်၊ သူကြိုးဆွဲသလို သင်လုပ်ရပြီး၊ သူ့စကားကို သင်နာခံရမယ်။ သင်မနာခံရင် သူပေးထားတာတွေကို သူပြန်နှုတ်ယူမယ်။ သင့်အသက်ကိုပင် သူနှုတ်ပစ်နိုင်တယ်။ ရူးသွပ်အောင်လည်း သူလုပ်တတ်တယ်။

ဒီလောကဘုရားများစီက ရွှေ၊ ငွေ၊ ဥစ္စာ၊ . . . တွေက လွတ်လပ်ခွင့်မပေးနိုင်ဘူး။ထိုအရာတွေနဲ့ ချည်နှောင်ထားတတ်တယ်။ လူရဲ့အပြစ်နဲ့အကုသိုလ် ကိုလည်း မဖြေရှင်း၊ မချေဖျက် ပေးနိုင်ပါ။ ဒီလောကနဲ့ လောကကို တပ်မက်ခြင်းတွေ ကွယ်ပျောက်ကုန်မယ်။ လောက ဘုရားများလည်း စီရင်ခံရမယ်။ သခင်ရ လောကရဲ့နေဥစ္စာ၊ ဂုဏ်အသရေ၊ ရာထူး . . . လည်း နောင်တမလွန် ဘဝကိုသယ်မသွားနိုင်ဘူး။ လူမှာ ရုပ်သက်နဲ့နာမ်သက်၊ ရုပ်ခန္ဓာနဲ့နာမ်ဝိညာဉ် နှစ်ပိုင်း ရှိခြင်းကြောင့် နှစ်ဘဝရှိတယ်။ တိရိစ္ဆာန်ဘဲ ရုပ်သက်နဲ့တစ်ဘဝသာ အသက်ရှင် ခွင့်ရတယ်။ တိရိစ္ဆာန် သေပြီးရင် ငရဲမကျဘူး။ တိရိစ္ဆာန်က ဘုရားရှာစရာ မလိုဘူး။

လူဟာ သေပြီးရင် တရားစီရင်ခံရမယ်။

ဘုရားစစ် ဘုရားမှန်ကိုစူးစမ်းဆက်သွယ်နိုင်တဲ့နာမ်သိ = ဓမ္မအာရုံကို လူထဲမှာ ဘုရားသခင် (GOD) ဖန်ဆင်းထားခြင်းကြောင့် လူဟာ ဘုရားစစ် ဘုရားမှန်ကို အသက်ရှင်စဉ်မှာဘဲ ရှာတွေ့နိုင်တယ်။ မိမိကို ဖန်ဆင်းတဲ့ ဘုရားကို မရှာဘဲ သေသွားရင် ငရဲမှာ ပြစ်ဒဏ် ခံရမယ်။

### နိစ္စထာဝရဘုရား (GOD)

ကမ္ဘာမတည်ရှိမီ၊ ဘာမှမရှိခင် အစအဦးက နိစ္စထာဝရဘုရား (GOD) ရှိတော်မူ ပါတယ်။ ထာဝရဘုရားဟာ ဖန်ဆင်းရှင် ဖြစ်တော်မူတယ်။ ကောင်းကင်၊ မြေကြီး၊ စကြဝဠာကို ဖန်ဆင်းပိုင်သတဲ့ ဘုရား ဖြစ်တော်မူတယ်။ ထာဝရဘုရားဟာ ခွင့်လွှတ်တဲ့ မေတ္တာတော်ရှင်ဘုရား ဖြစ်တော်မူတယ်။

တရားမင်းလည်း ဖြစ်တယ်။ အပြစ်ကို ဖြေလွှတ် ချေဖျက်ပေးတဲ့ ဘုရား ဖြစ်တော်မူတယ်။

ထာဝရအသက်ရှင် တည်တော်မူတဲ့ ဘုရား ဖြစ်တော်မူတယ်။ လူ့ခပ်သိမ်း တို့ကို ယခုဘဝ၊ နောင်ဘဝအတွက် ရုပ်ဝတ္ထုပစ္စည်းရော စိတ်ဝိညာဉ်အတွက်ပါ ကောင်းချီးနှစ်မျိုးလုံး ပေးပိုင်တဲ့ ဘုရား ဖြစ်တော်မူပါတယ်။ သင့်ရဲ့ဘဝ ငရဲမကျဖို့လည်း အာမခံတယ်။

လူကို သံသရာဝဋ်ဆင်းရဲ နဲ့ငရဲမှ ကယ်လွှတ်နိုင်တဲ့ ကယ်တင်ရှင်ဘုရားဖြစ်ပါတယ်။

## ကွာခြားမှု

| နိစ္စထာဝရဘုရား | လောက၏သခင်ါရဘုရားများ |
|---|---|
| ၁။ တရားအထက်၌ရှိသော တစ်ဆူတည်းသောဘုရား၊ | လောကခံအောက်မှ ဘုရားများ၊ |
| ၂။ ဘာမျှမတည်ရှိမီ အစအဦးကပင် ရှိတော်မူသောဘုရား၊ ကမ္ဘာကုန်သည့်တိုင် ဆက်တည်ရှိသော ဘုရား၊ | တစ်ခေတ်တစ်ခါမှာ ပေါ်ထွန်းလာပြီး တစ်ချိန်မှာ ပျောက်ကွယ်သွား၏။ |
| ၃။ ဖန်ဆင်းရှင်ဖြစ်တော်မူ၏။ | ဖန်ဆင်းခံရသော/ဖန်တီးထားသော ဘုရားများအဖြစ်၌သာ တည်ရှိ၏။ |
| ၄။ အနန္တဘုရား၊ အနန္တဘုရား၊ ထာဝရဘုရား ဖြစ်တော်မူ၏။ | အစွမ်း၊ အချိန် နှင့် နေရာ အပေါ်တွင် ကန့်သတ်မှု ရှိ၏။ |
| ၅။ ကမ္ဘာအစမှအဆုံး လူသားတိုင်း၏ ကိုးကွယ်ရာ ဘုရား ဖြစ်တော်မူ၏။ | တချိန်တခါမှာလူတစ်စုသာ ကိုးကွယ် ကြ၏။ |
| ၆။ လူများ အသိအမှတ် မပြု၊ မကိုးကွယ်လည်း ဘုရားဖြစ် တော်မူ၏။ | လူများ အသိအမှတ် မပြု၊ မကိုးကွယ် သည်နှင့် ဘုရားမဟုတ်တော့ချေ။ |
| ၇။ လောကနှင့်ကောင်းကင် ဓမ္မမင်္ဂလာ ကောင်းချီးနှစ်ဖြာ ပေးနိုင်တော်မူ၏။ | ဤလောက၏ နေ့ဥစ္စာ၊ ဂုဏ်သရေ၊ ရာထူး၊ စည်းစိမ် ကိုသာ ပေးနိုင်၏။ |
| ၈။ + ဝမ်းနည်းခြင်းမပါ။ | – ဝမ်းနည်းခြင်းနှင့်ရောတတ်၏။ |
| ၉။ ပြန်နုတ်မယူ။ | ပြန်နုတ်ယူတတ်၏။ |
| ၁၀။ လွတ်မြောက်ခွင့်ပေး၏။ | လွတ်လပ်ခွင့်မပေး။ |
| ၁၁။ နောင်ကြိုးမဲ့ | ချည်နှောင်ထားတတ်၏။ |
| ၁၂။ စေတနာ့ဝန်ထမ်း အစေခံခွင့် ရ၏။ | သူ၏ အစေကိုသာ ခံရ၏။ |
| ၁၃။ ယခုဘဝနှင့်နောင်ဘဝအတွက်မျှော်လင့်စရာ ရှိ၏။ | လက်ရှိတစ်ဘဝသာမျှော်လင့်စရာ ရှိ၏။ |

---------------------

## သတိ

လူသားတစ်ဦးစီတိုင်း လွတ်လပ်စွာ ရွေးချယ် ကိုးကွယ် ခွင့်ရှိပါတယ်။ လူတစ်ဦးချင်း မိမိရဲ့ လွတ်လပ်မှု၊ မိမိရဲ့ အခွင့်အရေး၊ မိမိ ရှာဖွေခဲ့တဲ့ အသိတရား၊ မိမိရဲ့ ယုံကြည် ကိုးကွယ်မှု ... အလိုက် စစ်ကြောစီရင်၍ ခံရတဲ့အခါ ကယ်တင်ရှင် ထာဝရဘုရားကို မယုံကြည်တဲ့ သူတွေဟာ ... ကိုယ်လုပ်ခဲ့တဲ့ အမှားအတွက် ကိုယ်တိုင်ခံရလိမ့်မယ်။

ဒါကြောင့်ဆင်ခြင်ပါ။

★ မိမိဦးဏှောက်ထက် သေးတဲ့ သခင်ါရဘုရားများ (gods) ကို အားကိုးမလား။
မိမိဦးဏှောက်ထက် ကြီးတဲ့ နိစ္စထာဝရဘုရား (GOD) ကို အားကိုးမလား။

★ လူကို ဖန်ဆင်းတဲ့အရှင်=ဘုရားသခင်ကို ကိုးကွယ်မလား။
လူက ဖန်တီးတဲ့ အရာကို ဘုရားအဖြစ် ချီးမြှောက် ကိုးကွယ်မလား။

★ ကိုယ်နဲ့ အသိအမြင်တူ၊ ယုံကြည် ခြင်းတူ သူရဲ့ ဦးဆောင်သွန်သင်မှုကို ခံယူရင် သူမသာ ကိုယ်မသာ ဖြစ်မယ်။
ကိုယ်နဲ့ အသိအမြင်မတူ၊ အရည်အချင်း မတူသူထံ လေ့လာဆည်းပူးမှ ကိုယ့်ဘဝရဲ့ အလျား၊ အနံ၊ အမြင့်၊ အနက် တိုးတက် မြင့်မား လာမယ်။

★ မိမိရဲ့ မာန်မာန၊ အစွဲအလန်း၊ အယူသီးမှု ... များက မိမိကို ဘောင်ခတ်ချုပ်နှောင် ထားခြင်း ကြောင့် လွတ်လပ်စွာ တိုးတက်ခွင့် မရှိခြင်း ဖြစ်တယ်။

<u>ကျမ်းညွှန်း</u>၊– ယော၁၃း၁၆၊၁၈၊၃၆။ ဖိ၁း၁၀။ ၁၂း၃၁။ ၁ဖိ၁း၁၁။ ၁ယော၂း၁၅–၁၇။ ၄း၉၊၁၀။ ဖေက်၂း၂၄။
၂ကော၄း၄။ ဂလာတိ၁း၄။ ရောမ၅း၈။ ၈း၃၂။ တိတု၃း၄

လောကကိုရင်း၊ လောက၌ရှိသော အရာတို့ကိုရင်း၊ မချစ်ကြနှင့်။

လောကကိုချစ်သောသူ မည်သည်ကား၊ ထာဝရဘုရားကို ချစ်ခြင်းမေတ္တာမရှိ။

လောက၌ရှိသမျှသော အရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊
မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်၌ ဝါကြွားခြင်းတို့သည်

ထာဝရဘုရားနှင့်မစပ်ဆိုင်၊ လောကနှင့်သာစပ်ဆိုင်၏။

လောကနှင့် လောကီတပ်မက်ခြင်းသည် ရွေ့သွားကွယ်ပျောက် တတ်၏။

ဘုရားသခင်၏ အလိုတော်နှင့်အညီ ကျင့်သောသူမူကား၊ နိစ္စထာဝရ တည်၏။